# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 15 , 2023 Volume 69, Number 10


၁၅.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၈.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၂.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၀.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၃၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၃.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၁၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်ထောင်စုဝန်ကြီး (၃) ဦး တရုတ်နိုင်ငံသို့ထွက်ခွာ



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့သည် ဩဂုတ် (၁၄) ရက် ညနေပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှတဆင့် တရုတ်နိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး (၃) ဦးသည် တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်ပြည်သူ့အစိုးရတို့မှကြီးမှူး၍ ကူမင်းမြို့တွင် ဩဂုတ်လ (၁၆) ရက်မှ (၂၀) ရက်အထိကျင်းပမည့် (၇)ကြိမ်မြောက် တရုတ်–တောင်အာရှကုန်စည်ပြပွဲ၊ (၂၇) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားနှင့် အခြားဆက်စပ်အခမ်းအနားများသို့ တက်ရောက်ရန် သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ထွက်ခွာသွားသည့် ပြည်ထောင်စုဝန်ကြီး (၃) ဦးအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ Economic & Commercial Counsellor ဖြစ်သည့် Mr. Ouyang Daobing နှင့် တာဝန်ရှိသူတို့က လိုက်ပါပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=125041

## ကချင်ပြည်နယ်၏ မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်မှ ၁၁ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ ရော်ဘာ၊ Aluminium Ingot၊ ပဲတီစိမ်းနှင့် ပြောင်းများတင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၁၀၃၇၁၅၆.၀၁၀ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၄ ရက်နေ့ထိ တင်ပို့ကုန်၏ငွေပမာဏ ၆၁၆၁၂၅.၅၈၀ ကန်ဒေါ်လာနှင့်

ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၄၂၁၀၃၀.၄၃၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်မှ ၁၁ ရက်နေ့အတွင်း ဆေးဝါးပစ္စည်းများ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ အပ်ချည်ကြိုးများ၊ လျှပ်စစ်မီးသီးနှင့် မီးချောင်းများ၊ ပလပ်စတစ်ပိုက်၊ သံပိုက်နှင့်မြက်ခင်းတုများတင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၉၀၈၀၉၂.၂၆၀ ကန်ဒေါ်လာတင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၄ ရက်နေ့ထိတင်သွင်းကုန်၏ ငွေပမာဏ တန်ဖိုး ၁၁၃၀၈၉၈.၄၈၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၂၂၂၈၀၆.၂၂၀ ကန်ဒေါ်လာ တန်ဖိုးလျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအား နှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ငွေပမာဏမှာ ၁၂၉၀၆၃.၇၅၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရတွေ့ရပါသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၄၆၅ ကျပ် ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုန်ဌာန**

## မန္တလေးကုန်စည်ဒိုင်တွင် နှမ်းမျိုးစုံဈေးနှုန်းမြင့်တက်လာ

မန္တလေးကုန်စည်ဒိုင်သို့ ဩဂုတ်လ ဒုတိယပတ်အတွင်း နှမ်းမျိုးစုံဈေးကွက်ထဲ ဝင်ရောက်နေပြီး ဈေးကောင်းရရှိနေပါတယ်။ ဈေးကွက်ထဲကို အသစ်တွေအဝင်ရှိနေပြီး အဝယ်သွက်နေကြောင်း၊ နှမ်းဖြူ(ဂျပန်)မှာ အမြင့်ဆုံးဈေးသို့ရောက်ရှိနေပြီး တရုတ်နှင့်ဂျပန်မှ အဓိကထားဝယ်ယူနေကြောင်း၊ နှမ်းမျိုးစုံဈေးမှာလည်း ပြည်ပဝယ်လိုအားရှိသည့်အတွက် မြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှသိရသည်။

နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၄၂၀၀၀၀ မှ ၄၄၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၉၅၀၀၀ မှ ၄၀၅၀၀၀၊ ယခင်လကျပ် ၃၆၀၀၀၀ မှ ၃၆၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၅၀၀၀ မှ ၃၅၀၀၀၊ ယခင်လထက်ကျပ် ၆၀၀၀၀ မှ ၇၅၀၀၀ မြင့်တက်လာသည်။

နှမ်းဖြူ(ရိုးရိုး) ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃၆၀၀၀၀ မှ ၃၉၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၆၀၀၀၀ မှ ၃၇၅၀၀၀၊ ယခင်လကျပ် ၃၃၇၀၀၀ မှ ၃၄၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀၀၊ ယခင်လထက်ကျပ် ၂၃၀၀၀ မှ ၄၅၀၀၀ မြင့်တက်လာသည်။

နှမ်းညို ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃၂၅၀၀၀ မှ ၃၃၀၀၀၀ ၊ ယခင် တစ်ပတ်ကျပ် ၃၀၅၀၀၀ မှ ၃၁၀၀၀၀ ၊ ယခင်လကျပ် ၂၆၅၀၀၀ မှ ၂၇၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀၀ ၊ ယခင်လထက်ကျပ် ၆၀၀၀၀ မြင့်တက်လာသည်။

နှမ်းနက်(စမုံ) ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၅၀၀၀၀ မှ ၃၈၅၀၀၀ ၊ ယခင်တစ်ပတ်ကျပ် ၃၀၀၀၀၀ မှ ၃၈၀၀၀၀ ၊ ယခင်လ ကျပ် ၃၀၀၀၀၀ မှ ၃၃၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀၀၀ မှ ၅၀၀၀၀ ၊ ယခင် လထက် ၅၀၀၀၀ မှ ၅၅၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၇-၈-၂၀၂၃ မှ ၁၁-၈-၂၀၂၃ )အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၄၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၃၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၃၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၈၀၀၊ မုံရွာရှယ် ကျပ် ၂၄၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၃၅၀၊ ၂၃၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀၊

ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၊ မုံရွာရှယ် ကျပ် ၁၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၀၀ ၊ မုံရွာလတ်သန့် ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၈၀ စီး (၄၈၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး၊ ယခုအပတ်တွင် ကားစီးရေ ၁၂၀ စီး (၇၂၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၄၀ စီး (၂၄၀၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၇၃၀၀၊ အောင်ပန်းထူး-၂ ကျပ် ၇၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၈၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၈၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၉၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ကြက်သွန်ဖြူဈေးများ ငြိမ်လျက်ရှိပါသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၄၀၀ (၇၂၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူ အိတ် ၂၇၀၀ ( ၈၁၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၃၀၀ ( ၉၀၀၀ ပိဿာ ) ပိုမိုဝင် ရောက်ခဲ့ကြောင်းသိရသည်။

**Source:** Domestic(Ygn)–MITC

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၇-၈-၂၀၂၃ မှ ၁၁-၈-၂၀၂၃) အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၃၄၉၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၂၅၅၉၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၃၂၃၄၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၁၀၀၀ ဈေးမြင့်တက်ခဲ့ပြီး မတ်ပဲ SQ/RC (2023 Crop) ကျပ် ၉၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၇၆၅၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၂၅ လုံး ( တန်ချိန် ၆၀၀) ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၁၀၅ လုံး ( တန်ချိန် ၂၅၂၀) နှင့် မတ်ပဲ SQ/RC (2023 Crop) ကွန်တိန်နာ ၅လုံး ( တန်ချိန် ၁၂၀ ) ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၈၀ လုံး (တန်ချိန် ၁၉၂၀)နှင့် မတ်ပဲ SQ/RC( 2023 Crop) ကွန်တိန်နာ ၅လုံး(တန်ချိန် ၁၂၀) စုစုပေါင်းကွန်တိန်နာ ၈၅လုံး (တန်ချိန် ၂၀၄၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၁၂၀၀၀၊ မြွားနီ ကျပ် ၁၂၀၀၀၊ အိမ်မဲ ကျပ် ၁၁၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေး အသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးဈေးများငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ငရုတ်ရှည် အိတ်ပေါင်း ၁၃၀၀ (၂၆၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀( ၇၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၉၀၀ (၃၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၆၀၀ ( ၁၂၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀( ၇၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၁၂၅၀၊ မန်ကျည်းအသား (သစ်) ကျပ် ၂၃၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၃၄၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၈၅၀၊ ပခုက္ကူကြမ်း ကျပ် ၃၅၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၃၈၀၀၊ ကြံသကာ(စစ်)ကျပ် ၂၇၀၀ နှင့် သကြား(ပြည်တွင်း)ကျပ် ၃၄၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ

မလိုင်(ဒုံး) ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး သကြား ကျပ် ၂၀ ဈေးကျဆင်း ခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။

**Source: Domestic (Ygn) MITC**

## ပေါ်ဆန်းဆန်အားလုံး တစ်အိတ် ကျပ်တစ်သိန်းကျော်ပြီ..

ဒီတစ်ပတ်ဈေးကွက်အဖွင့် ဒီနေ့ ဩဂုတ် ၁၄ ရက် ရန်ကုန် ဝါးတန်းဈေးကွက်မှာ ရက် ၉၀ (ရှယ်) ဆန်ကလွဲလို့ ကျန်တဲ့ဆန်အမျိုးအစားအားလုံး ဈေးတွေဆက်တက်လာပြီး ပေါ်ဆန်းအမျိုးအစားဆန်အားလုံး တစ်အိတ်ကို ကျပ်တစ်သိန်းအထက်ဈေးဖြစ်သွားတာပါ။

ကျပ် ၂၀၀၀၀ တန် ငွေစက္ကူသစ်ထွက်မယ်ဆိုတဲ့ ဗဟိုဘဏ်ကြေညာချက်ထွက်အပြီး နောက်တစ်နေ့ ဇူလိုင် ၂၄ မှာကတည်းက တက်လိုက်တဲ့ဆန်ဈေးဟာ အပတ်စဉ်တိုင်း ဆက်ကာဆက်ကာနဲ့ လေးပတ်ဆက်တိုက် တက်လာတာဖြစ်ပါတယ်။

ဘယ်ဆန်အမျိုးအစားတွေ ဘယ်လောက်ဈေးအပြောင်းအလဲဖြစ်သွားလဲဆိုတာကိုတော့ အောက်ပါဇယားကွက်မှာ ကြည့်နိုင်ပါတယ် – (အပြောင်းအလဲဖြစ်သွားတဲ့ဈေးနှုန်းတွေကို အနီရောင်နဲ့ ဖော်ပြပေးထားပါတယ်)

| စဉ် | အမျိုးအစား | ဈေးကွက် | ၇.၈.၂၀၂၃ | ၁၄.၈.၂၀၂၃ |
|---|---|---|---|---|
| ၁ | ဆန် (ဖျာပုံပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၉၆၀၀၀ မှ ၁၀၀၀၀၀ | ၁၀၅၀၀၀ မှ ၁၁၀၀၀၀ |
| ၂ | ဆန်(ဒေးဒရဲပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၉၅၀၀၀ မှ ၉၈၀၀၀ | ၁၀၅၀၀၀ မှ ၁၁၀၀၀၀ |
| ၃ | ဆန်(မြောင်းမြပုသိမ်ပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၉၉၀၀၀ မှ ၁၀၂၀၀၀ | ၁၀၅၀၀၀ မှ ၁၁၀၀၀၀ |
| ၄ | ဆန်(ပေါ်ဆန်းနယ်စုံသစ်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၉၄၀၀၀ မှ ၉၇၀၀၀ | ၁၀၀၀၀၀ မှ ၁၀၅၀၀၀ |
| ၅ | ဆန်(ဧည့်မထ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၅၀၀၀ မှ ၆၇၀၀၀ | ၆၇၀၀၀ မှ ၆၉၀၀၀ |
| ၆ | ဆန်(ငစိန်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၅၀၀၀ မှ ၆၇၀၀၀ | ၆၇၀၀၀ မှ ၆၉၀၀၀ |
| ၇ | ဆန်(ရွှေဘိုပေါ်ဆန်း) (သစ်) | ဝါးတန်း(ရန်ကုန်) | ၁၂၅၀၀၀ မှ ၁၃၅၀၀၀ | ၁၃၀၀၀၀ မှ ၁၄၀၀၀၀ |
| ၈ | ဆန်(ဧည့်မထ ၂၅%)(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၂၀၀၀ မှ ၆၃၀၀၀ | ၆၅၀၀၀ မှ ၆၇၀၀၀ |
| ၉ | ဆန်(ရက် ၉၀ ရှယ်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၅၀၀၀ မှ ၈၀၀၀၀ | ၇၅၀၀၀ မှ ၈၀၀၀၀ |
| ၁၀ | ဆန်(သီးထပ်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၅၀၀၀ မှ ၆၇၀၀၀ | ၆၈၀၀၀ မှ ၆၉၀၀၀ |
| ၁၁ | ကြားပျံရှယ်(သစ်) | ဝါးတန်း(ရန်ကုန်) | ၁၀၀၀၀၀ မှ၁၀၅၀၀၀ | ၁၁၀၀၀၀ မှ ၁၁၅၀၀၀ |
| ၁၂ | ပေါ်ဆန်းရှယ်(သစ်) | ဝါးတန်း(ရန်ကုန်) | ၉၆၀၀၀ မှ ၉၈၀၀၀ | ၁၀၂၀၀၀ မှ ၁၀၇၀၀၀ |
| ၁၃ | ‌တောင်ပျံ(ဖျာပုံ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၁၁၀၀၀၀ မှ ၁၁၃၀၀၀ | ၁၁၅၀၀၀ မှ ၁၂၀၀၀၀ |
| ၁၄ | ပေါ်ကျွဲ(ဖျာပုံ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၈၇၀၀၀ မှ ၉၀၀၀၀ | ၉၀၀၀၀ မှ ၉၅၀၀၀ |
| ၁၅ | တောင်ပျံ(မော်ကျွန်း)(သစ်) | ဝါးတန်း(ရန်ကုန်) | ၁၀၂၀၀၀ မှ ၁၀၄၀၀၀ | ၁၀၉၀၀၀ မှ ၁၁၀၀၀၀ |

ပြည်တွင်းဆန်ဈေးကော စပါးဈေးကော ဆက်တိုက်မြင့်တက်နေတာဖြစ်ပြီး စံချိန်တင်ဈေးတန်းတစ်ခုကို ရောက်နေပြီလို့ ဆန်ကုန်သည်တွေကဆိုကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) ရဲ့ သတင်းပေးပို့ချက်အရ သိရပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)နဲ့ ညီနောင်အသင်းအဖွဲ့များ၊ ဆန်စပါးပို့ကုန်ကုမ္ပဏီများ၊ ဆန်စက်များ/ဆန်ကုန်သည်များစုပေါင်းပြီး ဧည့်မထဆန်တွေအတွက် အမျိုးအစားအလိုက် တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ နဲ့ ၆၅၀၀၀ နှစ်မျိုး၊ ဧရာဝတီပေါ်ဆန်းတစ်အိတ် ကျပ် ၉၄၀၀၀၊ ရွှေဘိုပေါ်ဆန်းရှယ်တစ်အိတ်လျှင် အမျိုးအစားအလိုက် ကျပ် ၁၁၀၀၀၀ နဲ့ ၁၂၀၀၀၀ နှစ်မျိုးစသဖြင့် ရောင်းချပေးတာမျိုးတော့ရှိပါတယ်။

ဒီလိုရောင်းချပေးရာမှာ လူတစ်ယောက်မှတ်ပုံတင် ၁ ခုလျှင် တစ်လကို ပေါ်ဆန်းအမျိုးအစား ဆန် ၁ အိတ်နဲ့ ဧည့်မထအမျိုးအစား ဆန် ၁ အိတ် လွတ်လပ်စွာဝယ်ယူသွားနိုင်မှာဖြစ်တယ်လို့ MRF က ထုတ်ပြန်ထားပြီး ယနေ့ ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းမှာ MRF ထံ ဆက်သွယ်မေးမြန်းချက်အရတော့ ဝါးတန်းဆန်ကုန်စည်ဒိုင်မှာ ဝယ်လို့ရသေးကြောင်းနဲ့ ဈေးနှုန်းအပြောင်းအလဲမရှိသေးဘူးလို့ ပြန်လည်ဖြေကြားပါတယ်။

နိုင်ငံခြားငွေဈေးမတည်ငြိမ်မှုနဲ့အတူ စားသုံးဆီဈေးဟာလည်း ခုရက်ပိုင်း သိသိသာသာ မြင့်တက်သွားတာဖြစ်ပါတယ်။

**Source:** https://greenwaymyanmar.com/posts/Rice_prices_soaring_Aug_14

## ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၅၈၀၀၀၀ ကျော်တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၄၆၃ သန်းကျော်ရရှိခဲ့

ပြည်ပသို့ ယခုဘဏ္ဍာနှစ်ဖြစ်သည့် ဧပြီလ (၁) ရက်မှ ဩဂုတ်လ (၄) ရက် အထိ (၄) လတာ ကာလအတွင်း ပဲမျိုးစုံတန်ချိန် ၅၈၀၀၀၀ ကျော်တင်ပို့ထားပြီး ယင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၆၃ သန်းကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ပြည်ပသို့ ပဲမျိုးစုံတင်ပို့ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတဆင့် ပဲမျိုးစုံတန်ချိန် ၅၈၀၆၀၉ တန် တင်ပို့ထားခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄၆၃ ဒသမ ၉၈၄ သန်းရရှိထားကြောင်းသိရသည်။ ပြည်ပသို့တင်ပို့လျက်ရှိသည့် ပဲအမျိုးအစားများမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ဘိုကိတ်ပဲ၊ ပဲပုတ်စေ့၊ ပဲနီကြီး၊ နိုင်လွန်ပဲ၊ မြေပဲဆန်နှင့် အခြားပို့ကုန်ပဲများ တင်ပို့နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အဓိကသီးနှံအနေဖြင့် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့ကို စိုက်ပျိုးထုတ်လုပ်ပြီး တစ်နိုင်ငံလုံး၏ စိုက်ပျိုးထုတ်လုပ်မှုမှာ ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ စိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ပဲမျိုးစုံစိုက်ပျိုးနေပြီး ပဲမျိုးစုံစိုက်ကေ၏ ၇၂ ရာခိုင်နှုန်းသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများဖြစ်ပြီး ပဲလွန်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများလည်း စိုက်ပျိုးကြကြောင်းသိရသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် ပြည်ပသို့ပဲမျိုးစုံတင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ဖိုး တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=124986

## ရခိုင်ပြည်နယ် စစ်တွေကုန်သွယ်ရေးစခန်းမှ ၅.၈.၂၀၂၃ မှ ၁၁.၈.၂၀၂၃ အတွင်း ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၅-၈-၂၀၂၃) မှ (၁၁-၈-၂၀၂၃) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ ဇီးဖတ်၊ ချင်း(အစို)၊ နနွင်းတက်၊ အုန်းသီးခြောက်၊ တံမျက်စည်းကြမ်းနှင့် ဇီးယိုထုပ်တို့ တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၇၀၀၅ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၅ ရက်မှ ၁၁ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် ဇီးဖတ်တန်ချိန် ၁၆၇ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ဇီးဖတ်တန်ချိန် ၁၁၄ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ဇီးဖတ်တန်ချိန် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအပတ် ဇီးဖတ် တင်ပို့နိုင်မှု ငွေပမာဏမှာ ၁၉၂၀၅ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၅ ရက်မှ ၁၁ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်မှုကုန်ချောအနေဖြင့် ဇီးယိုထုပ်တန်ချိန် ၈ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ဇီးယိုထုပ်တန်ချိန် ၁၅ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ဇီးယိုထုပ်တန်ချိန် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်းသိရပါသည်။ ယခုအပတ် ဇီးယိုထုပ် တင်ပို့နိုင်မှု ငွေပမာဏမှာ ၂၀၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

**Source: ရခိုင်ပြည်နယ်ဦးစီးမှူးရုံး**

## စားအုန်းဆီဈေး တစ်သောင်းကျော်ထိမြင့်တက်နေပြီး ဆိုင်အချို့အရောင်းပိတ်ထား




လက်ရှိ ပြည်တွင်းဈေးကွက်တွင် စားအုန်းဆီဈေး တစ်သောင်းကျော်ထိ မြင့်တက်နေပြီး ဆိုင်အချို့အရောင်းပိတ်ထားကြောင်း စားသုံးဆီရောင်းချသူများထံမှ သိရသည်။

ဒေါ်လာဈေးတက်နေသည့်အတွက် ကျပ်ငွေတန်ဖိုးထိုးကျကာ ပြည်ပမှသွင်းကုန်မှန်သမျှ မြင့်တက်လာခြင်းဖြစ်ပြီး ပြည်တွင်းစားအုန်းဆီဈေး တစ်ပိဿာကို ကျပ် ၁၀,၀၀၀ ကျော်အထိ စံချိန်တင်မြင့်တက်လာကြောင်း သိရသည်။ "အဓိက စားအုန်းဆီတင်သွင်းနေတဲ့ နိုင်ငံတွေကလဲ စားအုန်းဆီကို အကန့်အသတ်နဲ့ပဲ ပေးတော့တယ်။ ပြီးတော့ ဒေါ်လာဈေးတွေ တက်လာတော့ ဈေးတွေတက်သွားတယ်။ တချို့ဆိုင်တွေ တင်သွင်းသူတွေဆီ စားဆီ ပြန်ရောင်းဖို့ လုံလုံလောက်လောက်မရတာမျိုးတွေရှိတယ်။ တချို့ ဆိုင်တွေကျ ရှိရဲ့သားနဲ့ ဈေးတွေထက် တက်မလားဆိုပြီး လှောင်ထားကြတယ် ထုတ်မရောင်းကျဘူး "ဟု ရန်ကုန်မြို့ရှိ စားသုံးဆီလက်လီအရောင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ဇူလိုင် ၁၁ ရက်နေ့တွင် စျေးကွက်တွင် တစ်ပိဿာလျှင် ၇၃၀၀ မှ ၇၈၀၀ အထိသာရှိပြီး ဩဂုတ်လ ၁၄ ရက်နေ့တွင် တစ်ပိဿာလျှင် ၉၀၀၀ ကျော်မှ တစ်သောင်းကျော်အထိ ဒေသအလိုက် စျေးနှုန်းကွာဟကြောင်းသိရသည်။

လက်ရှိ တစ်ပိဿာလျှင် ရန်ကုန်တွင် ၉၈၀၀ကျပ်၊ နေပြည်တော်တွင် ၉၉၅၀ ကျပ်၊ မန္တလေးတွင် ၉၈၅၀ ကျပ် ၊ တောင်ငူတွင် ၁၀၀၀၀ကျပ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းဘက်တွင် ၁၀၀၀၀ မှ ၁၆၀၀၀ ကျပ်အထိ အသီးသီးပေါက်စျေးရှိကြောင်း စျေးကွက်မှသိရပြီး အချိန်နှင့်နေရာပေါ်မူတည်ကာ စျေးနှုန်းများ အချိန်မရွေးပြောင်းလဲနိုင်သည်။

ထို့ကြောင့် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ သတ်မှတ်ထားသည့် အခြေခံရည်ညွှန်းစျေးထက် ပြည်ပစားအုန်းဆီစျေးမှာ နှစ်ဆကျော်ထိ မြင့်တက်နေကြောင်း စျေးကွက်မှသိရသည်။

လက်ရှိကော်မတီမှ ရန်ကုန်အထိုင်စျေး အခြေခံလက်ကားရည်ညွှန်းစျေးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၇ ရက်နေ့မှ ဩဂုတ် ၁၃ ရက်နေ့အထိ တစ်ပိဿာလျှင် ၄၁၅၀ ကျပ်သာ သတ်မှတ်ထုတ်ပြန်သည်။ လက်ရှိ ပြည်တွင်းစားအုန်းဆီ အရောင်းဆိုင်ကြီးများတွင် စားအုန်းဆီပြတ်လပ်နေသည်ဟုပြောကာ အရောင်းရပ်ထားသောကြောင့် အခက်တွေ့နေကြကြောင်း စားအုန်းဆီ မဖြစ်မနေဝယ်ယူအသုံးပြုနေသူများထံမှ သိရသည်။

"ပစ္စည်းပျက်တယ်ဆိုပြီး မရောင်းကြဘူး၊ တကယ်ပစ္စည်းပျက်တာလား လှောင်ထားတာလားမသိဘူး။ သူတို့စကားပေါ်မှာပဲ မူတည်နေတယ်။ ရောင်းချင်တဲ့သူကြရောင်းတယ်။ အခု စားအုန်းဆီက ပဲဆီစျေးနဲ့တစ်တန်းထဲဖြစ်နေပြီး မနက်တစ်စျေး၊ ညနေတစ်စျေး အမျိုးမျိုးပြောင်းနေတာ။ အခုဆို အရမ်းကိုထိုးတက်လာတာ နှစ်ရက်အတွင်းပဲ။ ကော်မတီက ရန်ကုန်အထိုင်စျေး အခြေခံလက်ကားရည်ညွှန်းစျေးဆိုတာ ထုတ်ပြန်တာပဲရှိတယ်။ တခါမှ အဲဒီစျေးနဲ့မရဖူးဘူး" ဟု ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်မှ အိမ်ရှင်မ မကြည်ကပြောသည်။

ပြည်တွင်းစျေးကွက်အတွင်း စျေးနှုန်းမြင့်တင်ရောင်းချခြင်း၊ စျေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသော်လည်း ပြင်ပစျေးမှာ ကော်မတီမှသတ်မှတ်ထားသည့် အခြေခံရည်ညွှန်းစျေးထက် အဆမတန် စျေးတင်ရောင်းချနေကြကြောင်း သိရသည်။

ပြည်တွင်း၌ စားအုန်းဆီသုံးစွဲမှု တစ်နှစ်လျှင် တန်ချိန် ၁၀ သိန်းကျော်အထိ ရှိသောကြောင့် နှစ်စဉ် တန်ချိန် ၆ သိန်းမှ ၇ သိန်းကြားအား မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံများမှ စားအုန်းဆီများကို အဓိကထား၍ တင်သွင်းနေရကြောင်း သိရသည်။

စားအုန်းဆီ အဓိကတင်သွင်းနေသည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့မှ ပြည်ပတင်ပို့မှု ခွင့်ပြုသည့်ပမာဏကို လျှော့ချထားခြင်းကြောင့် တင်သွင်းသူများမှ ပြည်တွင်းလက်လီလက်ကား အရောင်းဆိုင်များသို့ ဆီအကန့်သတ်ဖြင့်သာ ဖြန့်ဖြူးနေရခြင်းကြောင့် ပြည်တွင်းစားဆီစျေးမှာ အမြင့်စျေးတွင်ရှိနေခြင်းဖြစ်ကြောင်းလည်း ဆီလုပ်ငန်းရှင်တစ်ချို့က သုံးသပ်သည်။

**Source:** AMIA

https://t.me/htwettoe

## ဆန်တင်ပို့မှုပိတ်ပင်ထားသည့်ကာလအတွင်း ဘူတန်နိုင်ငံမှ ဆန်တင်သွင်းခွင့်ပြုရန် တောင်းဆိုထားသဖြင့် အိန္ဒိယအနေဖြင့် လက်ခံသွားဖွယ်ရှိ

အိန္ဒိယနိုင်ငံသည် ဇူလိုင်လ ၂၀ ရက်က ဘာစမာတီမဟုတ်သည့်ဆန်ဖြူကို ပြည်ပသို့ တင်ပို့ခွင့်ပိတ်ပင်လိုက်ပြီးနောက် ဘူတန်နိုင်ငံက ဆန်တင်ပို့ခွင့်ပြုရန် အိန္ဒိယကိုတောင်းဆိုခဲ့သည်ဟု အဆိုပါကိစ္စနှင့်ပတ်သက်၍ သိရှိသူတစ်ဦးက ပြောကြားထားကြောင်း Hindustan Times သတင်းစာတွင် ဖော်ပြထားပါသည်။

ကမ္ဘာတွင် ဆန်တင်ပို့မှုအများဆုံးဖြစ်သည့် အိန္ဒိယသည် ကမ္ဘာတစ်ဝှမ်း စပါးအထွက်နှုန်းကိုထိခိုက်စေသည့် အယ်နီညိုရာသီဥတုပုံစံနှင့် ရုရှားနိုင်ငံက ယူကရိန်းနံ့စားသီးနှံတင်ပို့မှု သဘောတူညီမှုမှနုတ်ထွက်မှုများကို စိုးရိမ်ပူပန်မှုများကြောင့် ဆန်တင်ပို့မှုကိုတားမြစ်ခဲ့ပြီး ကမ္ဘာ့ဆန်စျေးနှုန်းမှာလည်း တဟုန်ထိုးမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ဘူတန်သည် အိန္ဒိယသို့ဆန်တန်ချိန် ၉၀၀၀၀ အထိ တင်ပို့မှုအတွက် သံတမန်ရေးရာတောင်းဆိုမှုတစ်ခု ပြုလုပ်ခဲ့ကြောင်း၊ အိန္ဒိယ၏တားမြစ်ချက်ကြောင့် ကမ္ဘာ့ဈေးနှုန်းများသည် ၁၂ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ဆန်စပါးဈေးနှုန်းညွှန်းကိန်းသည် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ၁၂၉ ဒသမ ၇ မှတ်အထိ ခုန်တက်သွားပြီး ယခင်နှစ်ကထက် ၁၉ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့ဆန်တင်ပို့မှုတွင် အိန္ဒိယ၏တင်ပို့မှုသည် ၄၀ ရာခိုင်နှုန်းနီးပါးရှိကြောင်းလည်း သိရှိရပါသည်။

အိန္ဒိယ၏ဆန်ပိတ်ပင်မှုသည် အစိုးရအချင်းချင်းသဘောတူညီချက်များဖြင့် တင်ပို့ခြင်းများကို ကင်းလွတ်ခွင့်ပြုထားပြီး အမှန်တကယ် စားနပ်ရိက္ခာဖူလုံရေးလိုအပ်ချက်ရှိသည့် "မိတ်ဆွေနိုင်ငံများ"မှ တောင်းဆိုမှုများတွင် ကင်းလွတ်ခွင့်ပြုထားပါကြောင်း၊ အလားတူဖြေလျှော့မှုများသည် မေလ ၂၀၂၂ ခုနှစ်တွင်စတင်ခဲ့သော ဂျုံတင်ပို့မှုတားမြစ်ချက်နှင့်လည်း တူညီမှုရှိသည်ဟု သိရှိရပါသည်။

ယင်းကဲ့သို့သော ကင်းလွတ်ခွင့်များအောက်တွင် အိန္ဒိယနိုင်ငံမှ တင်ပို့သည့်ဆန်ကို တစ်ဆင့်ကုန်သွယ်မှုအတွက် အသုံးမပြုနိုင်ကြောင်းနှင့် ပြည်တွင်းစားသုံးမှုအတွက်သာ အသုံးပြုရန် ပြဋ္ဌာန်းထားပါကြောင်း၊ ယခုကဲ့သို့ သံတမန်ရေးတောင်းဆိုမှုများကို ပြည်ပရေးရာဝန်ကြီးဌာနက ပထမအကြိမ်ပြန်လည်သုံးသပ်ထားကြောင်းနှင့် ဘူတန်၏ဆန်တင်သွင်းခွင့်တောင်းဆိုမှုသည် လက်ခံနိုင်ဖွယ်ရှိကြောင်း၊ အဆိုပြုချက်ကို စားနပ်ရိက္ခာဝန်ကြီးဌာနထံ ပေးပို့ပြီးသည်နှင့် နိုင်ငံ၏အဓိက စားနပ်ရိက္ခာအေဂျင်စီဖြစ်သော India Food Corporation သည် တောင်းဆိုမှုအတွက် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယမန်နှစ် ဂျုံပိတ်ပင်မှုအပြီး ဆောင်ရွက်သည့်အချိန်တွင်လည်း အိန္ဒိယသည် ဂျုံကို အဓိကတင်ပို့သူမဟုတ်သော်လည်း မိတ်ဖက်နိုင်ငံများ၏ အမှန်တကယ်စားနပ်ရိက္ခာဖူလုံရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည်ဟု စားနပ်ရိက္ခာဝန်ကြီး Piyush Goyal က ချက်ချင်းပြောကြားခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလတွင် ဆန်ကွဲတင်ပို့မှုကို တားမြစ်ခဲ့သော်လည်း နိုင်ငံအချို့သို့ တင်ပို့ခွင့်ပြုခဲ့ပါကြောင်း၊ ဂျုံနှင့်ဆန်ကွဲများ ပိတ်ပင်ထားချိန်မှစ၍ အိန္ဒိယသည် နီပေါသို့ ဂျုံတန်ချိန် ၃၀၀,၀၀၀ ကျော်၊ ဆန်ကွဲတန်ချိန် ၂၀၀,၀၀၀၊ အင်ဒိုနီးရှားသို့ ဆန်ကွဲတန်ချိန် ၅၀၀,၀၀၀၊ ဆီနီဂေါသို့ ဆန်ကွဲတန်ချိန် ၅၀၀,၀၀၀ နှင့် ဂမ်ဘီယာသို့ ဆန်ကွဲတန်ချိန် ၅၀,၀၀၀ တို့ကို လူသားချင်းစာနာထောက်ထားမှုအကူအညီဖြင့် ဆန်ကွဲတန်ချိန် ၅ သောင်းကျော်တင်ပို့ခဲ့ကြောင်းလည်း Hindustan Times သတင်းစာတွင် ဖော်ပြထားပါသည်။

**Source: Bhutan reaches out for rice amid export ban, India likely to offer it , Hindustan Times, 8 August, 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)_11082023%20_15:15

## ဧရာဝတီဒေသထွက် ငါးရှဉ့်များကို တရုတ်သို့တင်ပို့နေရ




ဧရာဝတီတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့် ငါးရှဉ့်များကို နယ်စပ်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ တင်ပို့ရောင်းချလျက်ရှိတယ်လို့ သိရပါတယ်။ ဧရာဝတီတိုင်း ပုသိမ်မြို့ပေါ်ရှိ အဝယ်ဒိုင်များသို့ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်များရှိ ကျေးရွာများမှ အဓိကလာရောက်ရောင်းချကြပြီး အကောင်အကြီးအသေးပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၅၀၀၀မှ ကျပ် ၈၀၀၀ ဈေးဖြင့် ဝယ်ယူလျက်ရှိတယ်လို့ သိရပါတယ်။

ထို့ကဲ့သို့ ဝယ်ယူထားသည့် ငါးရှဉ့်များကို ရေနှစ်ထပ် သုံးထပ်လဲလှယ်၍ ဖော့ပုံး၊ ပလတ်စတစ်ပုံးများတွင်ထည့်သွင်းကာ ရန်ကုန်မြို့ရှိ ငါးရှဉ့်အဝယ်ဒိုင်ကြီးများသို့ တင်ပို့ပြီး ရန်ကုန်မှတစ်ဆင့် မူဆယ်နယ်စပ်လမ်းကြောင်းကနေ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိတယ်လို့ ဆိုပါတယ်။ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝယ်လိုအားရှိသော ငါးရှဉ့်များကို ပြည်ပနိုင်ငံများသို့ တစ်နှစ်ပတ်လုံး တင်ပို့မှုရှိသော်လည်း ယခုလိုမိုးတွင်းကာလမှာ ပိုမိုတင်ပို့ရလေ့ရှိတယ်လို့ သိရပါတယ်။

**Source:** https://t.me/htwettoe

## ကုန်သွယ်မှုအတွက် ကန်ဒေါ်လာအသုံးပြုမှု ထိုင်းလျှော့ချမည်

ထိုင်းနိုင်ငံက နိုင်ငံတကာနှင့် ကုန်သွယ်မှုများ ပြုလုပ်ရာတွင် တရုတ်ယွမ်ငွေနှင့် အခြားအာရှငွေကြေးများကို တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း ဩဂုတ် ၁၂ ရက်တွင် ထိုင်းဗဟိုဘဏ်က အသိပေးပြောဆိုလိုက်သည်။

လက်ရှိကာလတွင် အမေရိကန်ဒေါ်လာနှင့်ထိုင်းဘတ်ငွေအကြား လဲလှယ်မှုတန်ဖိုးမှာ ကွာဟချက်ကြီးမားလာနေသလို အတက်အကျအပြောင်းအလဲကြမ်းလွန်းသည့်အတွက်လည်း ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံရေးများတွင် လက်ရှိအသုံးများနေသည့် အမေရိကန်ဒေါ်လာအစား တရုတ်ယွမ်ငွေနှင့် အခြားအာရှငွေကြေးများကို တိုးမြှင့်သုံးစွဲရန်စီစဉ်နေကြောင်း ထိုင်းဗဟိုဘဏ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုင်းဘဏ် (The Bank Of Thailand-BOT)သည် ငွေကြေးလဲလှယ်နှုန်းအန္တရာယ်ကို လျှော့ချရာတွင် အထောက်အကူဖြစ်စေရေးအတွက် ဒေသတွင်းငွေကြေးများကိုကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရန်မျှော်လင့်ထားကြောင်း၊ မည်သည့် အတွက်ကြောင့်ဆိုသော် ဒေသတွင်းငွေကြေးများသည် ထိုင်းဘတ်နှင့်ငွေကြေးတန်ဖိုးကွာဟမှု ကျဉ်းမြောင်းခြင်းကြောင့်ဖြစ်ကြောင်း ထိုင်းဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌဖြစ်သူက ပြောဆိုထားသည်။

ထိုင်းနိုင်ငံသည် အမေရိကန်ဒေါ်လာ သုံးစွဲမှုကိုလျှော့ချပြီး အခြားငွေကြေးများကို တိုးမြှင့်သုံးစွဲရန်ကြိုးပမ်းနေသည်မှာ ဆယ်စုနှစ်တစ်စုရှိခဲ့ပြီဖြစ်ကြောင်း ယခု ၂၀၂၃ ခုနှစ်ပထမနှစ်ဝက် ကုန်လွန်ပြီးမှသာ အရှိန်အဟုန်တစ်ခုကို ရလာပြီဖြစ်ကြောင်း၊ ဗဟိုဘဏ်အချင်းချင်း စီစဉ်ဆောင်ရွက်မှုများနှင့်ဘဏ္ဍာရေးအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများကလည်း အဆင်သင့်ရှိနေပြီဖြစ်ကြောင်း ထိုင်းဗဟိုဘဏ်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုင်းဗဟိုဘဏ်အနေဖြင့် တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှားတို့နှင့် ပြည်တွင်းငွေကြေး တိုးမြှင့်သုံးစွဲရေး ပူးပေါင်းလုပ်ဆောင်လျက်ရှိနေပြီး ၂၀၂၃ ခုနှစ် ဒုတိယနှစ်ဝက်တွင် သိသိသာသာ တိုးတက်လာတော့မည်ဖြစ်ကြောင်းသိရသည်။ တရုတ်နိုင်ငံယွမ်နှင့်ကုန်သွယ်ရေးအတွက် သဘောတူညီချက် အများအပြားရရှိထားပြီးဖြစ်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံကလည်း ရူပီးကို တိုးမြှင့်အသုံးပြုရေးအတွက် လုပ်ဆောင်နေသကဲ့သို့ ဘရာဇီး၊ အာဂျင်တီးနား စသည့်တောင်အမေရိကနိုင်ငံများကလည်း အမေရိကန်ဒေါ်လာအစား အခြားငွေကြေးများကို အစားထိုးအသုံးပြုနိုင်ရေးနည်းလမ်းများ ရှာဖွေလျက်ရှိကြောင်း သိရသည်။

**Source: Bangkok Post**

https://t.me/sdtimedaily

## ဗီယက်နမ်ဆန် တန်ချိန် ၈ သန်းအထိ တင်ပို့မည်

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း ဆန်တန်ချိန် ၇ သန်းမှ ၈ သန်းအထိ တင်ပို့နိုင်လိမ့်မည်ဟု နိုင်ငံပိုင်မီဒီယာက သောကြာနေ့ (ဩဂုတ် ၁၂)တွင် ဖော်ပြသည်။

ယခုနှစ်တွင် ဆန်အထွက်နှုန်းမှာ မက်ထရစ်တန် ၂၇ သန်းမှ ၂၈ သန်းအထိရှိမည်ဟု မျှော်မှန်းထားကြောင်း စိုက်ပျိုးရေးဝန်ကြီး Le Minh Hoan က ပြောကြားကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြသည်။

ဗီယက်နမ်သည် ယမန်နှစ်က အိန္ဒိယနှင့်ထိုင်းပြီးလျှင် တတိယအများဆုံး ဆန်တင်ပို့သည့်နိုင်ငံဖြစ်ပြီး ယခုနှစ်တွင် ဒုတိယနေရာကို ရနိုင်ဖွယ်ရှိသည်။ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် စပါးအထွက်နှုန်းလုံလောက်ကြောင်း Hoan က ပြောကြားသည်။ ဗီယက်နမ်သည် ယခုနှစ် ပထမ ၇ လတွင် ဆန်တန်ချိန် ၄.၈၉ သန်း တင်ပို့ခဲ့သည်။ ၅% ဆန်ကွဲပါ ဗီယက်နမ်ဆန် <RI-VNBKN5-P1> အမျိုးအစားသည် သောကြာနေ့တွင် ခေါ်စျေးတစ်တန် $630-$640 သို့ ရောက်ရှိနေသည်။ ခေါ်စျေးသာရှိပြီး တင်ပို့ရောင်းချလိုသည့် ကုန်သည်နည်းပါးသည်။ ကုန်သည်အများစုက စျေးထပ်တက်မည်ကို စောင့်နေကြသည်။

**Source: Vietnam News Agency**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6651-asia-rice.html

# STOCK EXCHANGE (15.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 15th Aug, 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 42,997 (Shares) | 87,171,200 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -300 | -3.37% | 8,900 | 8,900 | 8,600 | 592 | 5,121,800 | 33,109,694 | 284,743 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,050 | 8,453 | 26,104,300 | 38,929,150 | 120,680 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 0 | 0 | 10,400,986 | 79,048 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 482 | 771,300 | 29,664,613 | 48,947 |
| TMH | 00005 | 2,350 | -100 | -4.08% | 2,450 | 2,450 | 2,350 | 220 | 524,000 | 12,823,224 | 30,135 |
| EFR | 00006 | 2,300 | -50 | -2.13% | 2,350 | 2,350 | 2,300 | 971 | 2,240,500 | 19,977,223 | 45,948 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 5 | 25,000 | 10,497,598 | 52,488 |
| MAEX | 00008 | 1,950 | +50 | +2.63% | 1,950 | 1,950 | 1,900 | 2,274 | 4,384,300 | 23,804,946 | 46,420 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 15th Aug, 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.58 | -5.84 | -1.53% | 381.27 | 382.05 | 375.58 | 12,997 | 39,171,200 | 8 | 708,409 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 15th Aug, 2023

| Trading Volume | Trading Value |
|---|---|
| 42,997 (Shares) | 87,171,200 (MMK) |

## Main Board

As of 1:00 pm, 15th Aug, 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 42,997 (Shares) | 87,171,200 (MMK) |

| MYANPIX | 375.58 ▼ 5.84 |
|---|---|
| Total Volume (shares) | 12,997 |
| Total Value (MMK) | 39 mil |
| Listed Company | 8 |
| Market Cap. (MMK) | 708,409 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 300 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,350 | ▼ 100 |
| EFR | 00006 | 2,300 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,950 | ▲ 50 |